ကရင်နီပြည် အတိုင်ပင်ခံကောင်စီ

Karenni State Consultative Council (KSCC)

## ကရင်နီပြည် ကြားကာလ

# လူဝင်မှုကြီးကြပ်ရေးမူဝါဒ

ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ( ၆ ) ရက် နေ့တွင်
အတည်ပြုပြဋ္ဌာန်းသည်။

ကရင်နီပြည်ကြားကာလ

# လူဝင်မှုကြိုးကြပ်ရေးမူဝါဒ

# မာတိကာ

**နိဒါန်း**.......... ၆
**အခန်း (၁) အမည်နှင့်အစီပွါယ်ဖွင့်ဆိုချက်**.......... ၇
အမည် .......... ၇
အဓိပ္ပါယ်ဖွင့်ဆိုချက် .......... ၇
**အခန်း (၂) ရည်ရွယ်ချက်နှင့်အခြေခံမူများ** .......... ၈
ရည်ရွယ်ချက် .......... ၈
အခြေခံမူများ .......... ၈
**အခန်း (၃) မူဝါဒများ** .......... ၉
အချက်အလက်များ ကောက်ခံခြင်း .......... ၉
လုပ်ငန်းကြီးကြပ်ခြင်း .......... ၁၀
သက်သေခံကတ်ထုတ်ပေးခြင်း.......... ၁၀
**အခန်း (၄) အထွေထွေပြဋ္ဌာန်းချက်များ**.......... ၁၁
ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းခြင်း .......... ၁၁
မူဝါဒအား ပြင်ဆင်ဖြည့်စွက်ခြင်း .......... ၁၁

**နိဂုံး**.......... ၁၂


ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းသည်။

# နိဒါန်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် တရားမဝင်အာဏာသိမ်းစစ်တပ်မှ အာဏာသိမ်းပြီး နောက်ပိုင်း ကရင်နီပြည်အပါအဝင် မြန်မာနိုင်ငံတဝှမ်း၌ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးစသည့် ယန္တရားများ အဖက်ဖက်မှပျက်စီး ယိုယွင်းပျက်စီးလာခဲ့ပြီး အာဏာသိမ်းမှုကို ဆန့်ကျင်ကာ ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုကြသည့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုများ၊ လူမှုဝန်ထမ်းများ၊ အနုပညာရှင်များနှင့် တက်ကြွလှုပ်ရှားသူများအား တရားမဝင်အာဏာသိမ်းစစ်တပ်မှ မတရားဖမ်းဆီး ထောင်ချခြင်း၊ နှိပ်စက်သတ်ဖြတ်ခြင်းနှင့် ပစ်ခတ်သတ်ဖြတ်ခြင်းများအား နေ့စဉ်နှင့်အမျှ ပြုလုပ်လာခဲ့သည်။ အာဏာသိမ်းမှုဖြစ်ပွားပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ မှ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၃၀) ရက် နေ့အထိ ကရင်နီပြည်အတွင်း တရားမဝင်အာဏာသိမ်းစစ်တပ်မှ မတရားသတ်ဖြတ်မှုကြောင့် သေဆုံးသူ အရပ်သား (၆၃၆) ဦး၊ မတရားဖမ်းဆီးခံရသူ (၅၇၄) ဦး နှင့် အရပ်သားများအပေါ် ပစ်မှတ်ထားကာ လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူ (၈၅၁) ဦး ရှိခဲ့ကြောင်း ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်မှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်[1]။

ပြည်သူများ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ တည်ဆောက်ရေးရည်ရွယ်ပြီး ကရင်နီပြည်အတိုင်ပင်ခံကောင်စီအား ပြည်နယ်အတွင်းရှိ အင်အားစုအသီးသီး၏စုဖွဲ့မှုဖြင့် ၂၀၂၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီစုဖွဲ့ပြီး ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ကရင်နီပြည် ကြားကာလတရားစီရင်ရေးနှင့် ကရင်နီပြည်ကြားကာလလွှတ်တော် စသည့်မဏ္ဍိုင်များအား ပြည်နယ်၏ ကြားကာလအစီအမံနှင့် အညီ ၂၀၂၃ ခုနှစ်တွင် စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့သည်။

ဤမူဝါဒသည် ကရင်နီပြည်အတွင်းရှိ ပြည်သူများ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပြီး ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၊ မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီနှင့် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် မူဝါဒဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်းပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ရေးဆွဲခဲ့ကြသည်။ အလုပ်အဖွဲ့မှ ရေးဆွဲထားသော မူဝါဒမူကြမ်းများအား သက်ဆိုင်ရာ အစုအဖွဲ့များနှင့် လူထုထံသို့ ရှင်းလင်းတင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် အကြံပြုချက်ရယူခြင်းများပြုလုပ်ပြီး ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော (၃၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

*1. ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ်တင်ပြချက်၊ ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့*

# အခန်း (၁)

# အမည် နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

## အမည်

၁။ ဤမူဝါဒအား **ကရင်နီပြည်ကြားကာလလူဝင်မှုကြီးကြပ်ရေးမူဝါဒ**ဟု ခေါ်ဆိုရမည်။

## အဓိပ္ပါယ်ဖွင့်ဆိုချက်

၂။ ဤမူဝါဒပါ စကားရပ်အနက်အဓိပ္ပါယ်သည် အောက်ဖော်ပြပါအတိုင်း ဖြစ်စေရမည်–

(က) **ပြည်နယ်** ဆိုသည်မှာ ကရင်နီပြည်ကို ဆိုသည်၊

(ခ) **ပြည်နယ်ကြားကာလအစီအအမံ** ဆိုသည်မှာ ကရင်နီပြည်ကြားကာလအစီအမံကို ဆိုသည်၊

(ဂ) **လူမှုစီးပွားဆိုင်ရာစစ်တမ်း**ဆိုသည်မှာ ဤမူဝါဒနှင့်အညီ ကောက်ခံ မှတ်တမ်းတင်ထားရမည့် ကရင်နီပြည်အတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဆိုင်ရာ အချက်အလက်အပေါ် အခြေခံ၍ ကောက်ခံသည့်စစ်တမ်းကို ဆိုသည်၊

(ဃ) **ကရင်နီပြည်ကြားကာလ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစဉ်** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေး ဆိုင်ရာလုပ်ငန်းများ၊ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာစစ်တမ်းလုပ်ငန်းများ၊ သက်သေခံကတ်အမျိုးမျိုး ထုတ်ပေးရေးဆိုင်ရာလုပ်ငန်းများကို ဆိုသည်၊

(င) **သက်သေခံကတ်** ဆိုသည်မှာ ဤမူဝါဒပါ အပိုဒ် ၁၁ (က) အရ လူပုဂ္ဂိုလ်များကို ကြားကာလတွင် ယာယီထုတ်ပေးသည့် သက်သေခံကတ်ကို ဆိုသည်။

# အခန်း (၂)

# ရည်ရွယ်ချက် နှင့် အခြေခံမူများ

## ရည်ရွယ်ချက်

၃။ ကရင်နီပြည်အတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်။

၄။ ကရင်နီပြည်အတွင်းရှိ လူဦးရေပြောင်းလဲမှုဖြစ်စဉ်များကို အချိန်နှင့်တပြေးညီ တိကျမှန်ကန်စွာ စာရင်းပြုစုခြင်းအပြင် အမြဲနေထိုင်သည့် လူဦးရေစာရင်း အခြေအနေမှန်အား အမြဲဆန်းစစ်ခြင်းနှင့် ပြည်နယ်၏ လူမှုစီးပွားဆိုင်ရာ အခြေအနေများ မှတ်တမ်းထားရှိနိုင်ရန်။

၅။ ကရင်နီပြည်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော ပြည်သူလူထုများ သက်သေခံကတ် ကိုင်ဆောင်နိုင်စေရန်နှင့် မှတ်ပုံတင်ထားရှိနိုင်ရန်။

## အခြေခံမူများ

၆။ ပြည်နယ်သည်–

(က) လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို အခြေခံရမည်၊

(ခ) ကရင်နီပြည်အတွင်း အမြဲနေထိုင်သည့် လူဦးရေစာရင်းနှင့် လူမှုစီးပွားအခြေအနေအား သိရှိစေရန် လူမှုစီးပွားဆိုင်ရာစစ်တမ်း ကောက်ခံထားရှိရမည်၊

(ဂ) ပြည်နယ်အတွင်းသို့ ဝင်ရောက်လာသည့် ပြည်နယ်ပြင်ပမှ လူပုဂ္ဂိုလ်များနှင့် ပြည်ပမှ နိုင်ငံခြားသားများ ဝင်ထွက်သွားလာမှု အခြေအနေများအား သက်ဆိုင်ရာဥပဒေနှင့်အညီ ကြီးကြပ်ရမည်။

၇။ ကရင်နီပြည်အတွင်း အမြဲနေထိုင်သူများနှင့် ခွင့်ပြုချက်ဖြင့်ယာယီနေထိုင်သူများသည် ဤမူဝါဒနှင့်အညီ မှတ်ပုံတင်နေထိုင်ရမည်။

၈။ ပြည်နယ်၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများသည် ပြည်နယ်၏လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက် သက်ဆိုင်စေရမည်။

# အခန်း (၃)

# မူဝါဒများ

## အချက်အလက်များ ကောက်ခံခြင်း

၉။ ပြည်နယ်သည်–

(က) ကရင်နီပြည်အတွင်းရှိ လူမှုစီးပွားဆိုင်ရာစစ်တမ်းကောက်ခံနိုင်ရန် ဥပဒေသို့မဟုတ် လမ်းညွှန်ချက်များ ပြဋ္ဌာန်းထုတ်ပြန်၍ ပြည်နယ်၏ပကတိအခြေအနေနှင့် အနီးစပ်ဆုံး ကောက်ခံရမည့်အပြင် ယင်းစစ်တမ်းကို စနစ်တကျထိန်းသိမ်းရမည်၊

(ခ) ယင်းသို့ကောက်ခံရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို အလေးထား ဆောင်ရွက်ရမည်၊

(ဂ) လူမှုစီးပွားဆိုင်ရာစစ်တမ်း ကောက်ခံနေသည့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းနှင့် ဝန်ထမ်းများကို အကာအကွယ်ပေးရမည်၊

(ဃ) အချက်အလက်များကောက်ခံရာတွင် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်၊

(င) လူမှုစီးပွားဆိုင်ရာ စစ်တမ်းအရကောက်ခံရရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များကို စီမံဆောင်ရွက်ရမည်။

၁၀။ မည်သူမဆို–

(က) လူမှုစီးပွားဆိုင်ရာစစ်တမ်းကို ကောက်ခံနေစဉ်အတွင်း ကောက်ခံသည့် သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းမှလွဲ၍ တစ်စုံတစ်ဦးကိုဖြစ်စေ၊ အစုအဖွဲ့ တစ်ခုခုထံသို့ ဖြစ်စေ ဖြန့်ဝေခြင်းမပြုရ၊

(ခ) ထို့အပြင် ကောက်ခံနေသည့် အချက်အလက်များကို သက်ဆိုင်ရာမှ ခွင့်ပြုခြင်း မရှိဘဲ ကူးယူခြင်း၊ တောင်းယူခြင်းမပြုရ။

# သက်သေခံကတ်ထုတ်ပေးခြင်း

၁၁။ ပြည်နယ်သည် –

(က) ပြည်နယ်အတွင်းနေထိုင်သည့် အောက်ဖော်ပြပါ လူပုဂ္ဂိုလ်များအား သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်တမ်းတင်စာရင်းသွင်း၍ သက်သေခံကတ် ထုတ်ပေးရမည်–

(၁) ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မတိုင်မီ ပြည်နယ်တွင် အခြေစိုက် နေထိုင်သူ၊

(၂) ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့နောက်ပိုင်း ပြည်နယ်တွင် လာရောက် အခြေစိုက်နေထိုင်သူ၊

(၃) ဥပဒေတစ်ရပ်ရပ်အရ ပြည်နယ်တွင် အမြဲနေထိုင်ခွင့်ရ နိုင်ငံခြားသား။

(ခ) ကရင်နီပြည်အတွင်း တရားဝင်နေထိုင်လျက်ရှိကြသော ပြည်သူလူထုအား သက်သေခံကတ်ဖြင့် မှတ်ပုံတင်စေခြင်း၊ စစ်ဆေးခြင်းနှင့် ပြောင်းလဲမှုများ အား မှတ်တမ်းတင်ထားရှိရမည်။

# လူဝင်မှုကြီးကြပ်ခြင်း

၁၂။ ပြည်နယ်သည်–

(က) ပြည်နယ်ခြား နိုင်ငံသားများ၏ ပြည်နယ်အတွင်းသို့ နေထိုင်မှုနှင့် ဝင်ထွက်မှုကို ကြီးကြပ်ရမည်၊

(ခ) နိုင်ငံခြားသားများ၏ ပြည်နယ်အတွင်းသို့ ယာယီနေထိုင်မှုနှင့် ဝင်ထွက်မှုကို ကြီးကြပ်ရမည်၊

(ဂ) သက်သေခံကတ်ကိုင်ဆောင်သူမှ နိုင်ငံရပ်ခြားနယ်စပ်သို့ ဖြတ်ကျော်ဝင် ထွက်မှုကို ကြီးကြပ်ရမည်။

၁၃။ ပြည်နယ်အတွင်းသို့ ဝင်ရောက်၍ အလုပ်လုပ်ကိုင်ခွင့်၊ ယာယီနေထိုင်ခွင့်များကို ခွင့်ပြုခြင်း၊ ရုပ်သိမ်းခြင်းသည် သက်ဆိုင်ရာဥပဒေနှင့်အညီ ဖြစ်စေရမည်။


ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းသည်။

# အခန်း (၄)
# အထွေထွေပြဋ္ဌာန်းချက်များ

## ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းခြင်း

၁၄။ ကရင်နီပြည် ကြားကာလလွှတ်တော်သည် ဤမူဝါဒကို အကောင်အထည်ဖော်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းနိုင်သည်။

၁၅။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည်–

(က) ဤမူဝါဒကို အကောင်အထည်ဖော်နိုင်ရန် ဥပဒေနှင့်အညီ လိုအပ်သည့် နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်၊

(ခ) ဤမူဝါကို အကောင်အထည်ဖော်နိုင်ရန် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထုတ်ပြန်ခြင်း မပြုနိုင်မီကာလတွင် ဤမူဝါဒနှင့်အညီ အမိန့်၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ငန်းလမ်းညွှန်များကိုချမှတ် ထုတ်ပြန်၍ ကျင့်သုံးဆောင်ရွက်နိုင်သည်။

## မူဝါဒအား ပြင်ဆင်ဖြည့်စွက်ခြင်း

၁၆။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် ပြောင်းလဲတိုးတက်လာသော အခြေအနေနှင့် အညီ ဤမူဝါဒအား ပြင်ဆင်ဖြည့်စွက်ခြင်းလုပ်ငန်းစဉ်များကို သက်ဆိုင်ရာအစုအဖွဲ့များ ပါဝင်မှုဖြင့် ဆောင်ရွက်ရမည်။

# နိဂုံး

ကရင်နီပြည်တွင်းရှိ ပြည်သူပြည်သားများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ မိမိတို့၏ အမျိုးသားဝိသေသလက္ခဏာများ ထိန်းသိမ်းပိုင်ခွင့်များအပြင် မိမိတို့၏ လူမှုစီးပွားဖူလုံမှုရှိရေး လုံခြုံရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော လုပ်ငန်းများဖော်ဆောင်နိုင်ရေးအတွက် ဤလူ့ဝင်မှုကြီးကြပ်ရေးမူဝါဒအား ရေးဆွဲပြဋ္ဌာန်းရခြင်းဖြစ်သည်။ ဤမူဝါဒအား အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်သူလူထုများ၊ လူမှုအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများနှင့် တော်လှန်ရေးအင်အားစုများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်နိုင်မှသာလျှင် ပြည်သူများလိုလားသော ဖက်ဒရယ် ဒီမိုကရေစီစနစ်အား စနစ်တကျတည်ဆောက်နိုင်မည်ဖြစ်သည်။

**လူဝင်မှုကြီးကြပ်ရေးမူဝါဒမူကြမ်းရေးဆွဲရေးအလုပ်အဖွဲ့**
**မူဝါဒမူကြမ်းရေးဆွဲရေးကော်မတီ**
**ကရင်နီပြည်အတိုင်ပင်ခံကောင်စီ**


ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့တွင် အတည်ပြု ပြဋ္ဌာန်းသည်။